ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်

# ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ

**၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလ**

ကန့်သတ်

၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ

(၂၀၁၈ ခုနှစ် ၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄ )

၁၃၈၀ ပြည့်နှစ် ၊ တော်သလင်းလဆန်း ( ၁၁ ) ရက်

(၂၀၁၈ ခုနှစ် ၊ စက်တင်ဘာ လ ၂၀ ရက်)

မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | အခန်း(၁) အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ် ဖော်ပြချက် | ၁ | ၃ |
| ၂ | အခန်း(၂) စီမံကိန်းရည်မှန်းချက်များ | ၃ | ၄ |
| ၃ | အခန်း(၃) အထွေထွေ | ၅ | ၆ |

# ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ

## (၂၀၁၈ ခုနှစ် ၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄ )

## ၁၃၈၀ ပြည့်နှစ် ၊ တော်သလင်းလဆန်း ( ၁၁ ) ရက်

## (၂၀၁၈ ခုနှစ် ၊ စက်တင်ဘာ လ ၂၀ ရက်)

## နိဒါန်း

နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂) ရပ်နှင့် ရှမ်းပြည်နယ်၏ရည်မှန်းချက်များဖြစ်သော ပြည်နယ်တွင်း စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရေးနှင့် စိုက်ပျိုးရေးအခြေခံသော စက်မှုလုပ်ငန်းများ ဘက်ညီစွာဖွံ့ဖြိုးတိုးတက်လာစေရန် ၊ပြည်နယ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူ ပြုနိုင်သည့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊ အလုပ်အကိုင်အခွင့် အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန် ၊ ပြည်နယ်အတွင်း လူထုတစ်ရပ် လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်၊ သဘာဝပတ်ဝန်းကျင်ကို အခြေခံသော ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန် ၊ ပြည်နယ်အတွင်း ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိလုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန်တို့ကို အကောင်အထည်ဖော်နိုင်ရန် အလို့ငှာ ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည် ၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွက် ၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွက် ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည်-

(က) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ရှမ်းပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော ရည်မှန်းချက်များနှင့် လုပ်ငန်း အစီအစဉ်များကိုဆိုသည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးကဏ္ဍများ အလိုက်ဆောင်ရွက်ရမည့် အချက်အလက်များကိုဆိုသည်။

(ဂ) **ဘဏ္ဍာနှစ်** ဆိုသည်မှာ အောက်တိုဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့ အထိ ကာလဖြစ်ပါသည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်သစ်အရ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာမှ ၂၀၁၈ ခုနှစ်၊ မတ်လအထိ အကောင်အထည်ဖော်နိုင်မှု နှင့် ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအတွင်း အကောင်အထည်ဖော်နိုင်မည့် အခြေအနေ တို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်း ဖြစ်ပါသည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းကိုဆိုသည်။

(ဆ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍ(၁၄)ကဏ္ဍအနက် ကဏ္ဍတစ်ရပ်ရပ်ကို ဆိုသည်။

(ဇ) **ကဏ္ဍကြီး**ဆိုသည်မှာ ရှမ်းပြည်နယ်အနေဖြင့် စွမ်းအင်ကဏ္ဍမှလွဲ၍ စီးပွားရေးကဏ္ဍ (၁၃) ခု ကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်း

ဖြစ်သည်။ ယင်းတွင်လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ)၊ စက်မှုကဏ္ဍကြီး (သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓါတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ)၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှု ကဏ္ဍများ) ဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

(ဈ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနနှင့် အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များကို ဆိုသည်။

## အခန်း(၂)

## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း၏ အဓိကကျသည့် စီမံကိန်း ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP)ကို ပုံမှန်ဈေးနှုန်းအရ ၇.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍတစ်ခုချင်း အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၄.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၅.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၇.၇ ရာခိုင်နှုန်းလျော့နည်းရန်၊

(၄) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) စက်မှုလက်မှုကဏ္ဍတွင် ၆.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၆) လျှပ်စစ်ဓါတ်အားကဏ္ဍတွင် ၃.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) ဆောက်လုပ်မှုကဏ္ဍတွင် ၁၂.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ပို့ဆောင်ရေးကဏ္ဍတွင် ၇.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ဆက်သွယ်ရေးကဏ္ဍတွင် ၁၅.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ငွေရေးကြေးရေးကဏ္ဍတွင် ၁၆.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၁) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၆.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၂) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၁.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) ကုန်သွယ်မှုကဏ္ဍတွင် ၇.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသအလိုက် တိုးတက်မှုနှုန်းများမှာပုံမှန်ဈေးနှုန်းအရ-

(၁) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၉.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၉.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၄) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၁၀.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ၄.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဃ) စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို (၃၃.၃) ရာခိုင်နှုန်း မှ (၃၂.၆) ရာခိုင်နှုန်း ၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို (၂၄.၃) ရာခိုင်နှုန်း မှ (၂၄.၇) ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၄၂.၄) ရာခိုင်နှုန်းမှ (၄၂.၇) ရာခိုင်နှုန်း သို့ အသီးသီးဖြစ်ပေါ်ရန်၊

(င) စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၅.၁) ရာခိုင်နှုန်း ၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၈.၂) ရာခိုင်နှုန်း ၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ( ၈.၉ ) ရာခိုင်နှုန်းသို့ အသီးသီးဖြစ်ပေါ်ရန်၊

(စ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ( Per Capita GDP ) မှာ နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၉၉၁,၈၈၅** ကျပ်သို့ ဖြစ်ပေါ်လာရန်၊

(ဆ) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် **၁၆၅,၇၇၄.၈၁၃** သန်း (ကျပ်ဘီလီယံ **၁၆၅.၇၇၄**) ရင်းနှီးမြှုပ်နှံရန်၊

## အခန်း(၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မခွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) တို့တွင် ဖော်ပြထားသော ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ သက်ဆိုင်ရာဌာန ၊ အဖွဲ့အစည်းများအလိုက် ၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ် ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း ၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် အညီ မြို့နယ်အဆင့်မှ စတင်ပြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန အပါအဝင် သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ် ၊ ဌာန ၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ ၊ နည်းဥပဒေ ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွက် ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသည့် ဆောင်ရွက်မည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ ၊ နည်းဥပဒေ ၊ စည်းမျဉ်း၊ စည်းကမ်း ၊ အမိန့်ကြော်ငြာစာ ၊ အမိန့်ညွှန်ကြားချက် ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

၈။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့် သက်ဆိုင်သည့် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် စီစဉ်မှုများ ချမှတ်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာလင်းထွဋ်

ဝန်ကြီးချုပ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့

ပူးတွဲ(၁)

## ရှမ်းပြည်နယ်၏
## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်
## ကဏ္ဍကြီးများအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁၆၂၁၆၇၇.၀** | **၃၃.၄** | **၁၇၀၄၅၂၂.၈** | **၃၂.၆** | **၅.၁** |
| | ၁ | လယ်ယာ | ၁၂၂၄၄၈၁.၄ | ၂၅.၂ | ၁၂၈၄၉၃၄.၅ | ၂၄.၆ | ၄.၉ |
| | ၂ | သားငါး | ၃၈၉၁၅၈.၆ | ၈.၀ | ၄၁၂၁၆၈.၃ | ၇.၉ | ၅.၉ |
| | ၃ | သစ်တော | ၈၀၃၇.၀ | ၀.၂ | ၇၄၁၉.၀ | ၀.၁ | -၇.၇ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၁၁၈၄၈၉၂.၃** | **၂၄.၃** | **၁၂၈၀၉၇၇.၀** | **၂၄.၇** | **၈.၂** |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၃၀၉၁၀.၆ | ၂.၇ | ၁၃၄၄၆၄.၁ | ၂.၆ | ၂.၇ |
| | ၃ | စက်မှုလက်မှု | ၅၁၉၄၃၁.၁ | ၁၀.၆ | ၅၅၄၁၁၉.၆ | ၁၀.၆ | ၆.၇ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၇၆၃၅၁.၀ | ၁.၆ | ၇၈၇၅၃.၉ | ၁.၅ | ၃.၁ |
| | ၅ | ဆောက်လုပ်မှု | ၄၅၈၀၉၉.၆ | ၉.၄ | ၅၁၄၆၃၉.၄ | ၁၀.၀ | ၁၂.၃ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၀၄၆၉၇၆.၃** | **၄၂.၃** | **၂၂၂၉၇၃၀.၃** | **၄၂.၇** | **၈.၉** |
| | ၁ | ပို့ဆောင်ရေး | ၃၆၇၅၉၁.၇ | ၇.၆ | ၃၉၆၁၈၀.၃ | ၇.၆ | ၇.၈ |
| | ၂ | ဆက်သွယ်ရေး | ၁၃၈၆၁၁.၁ | ၂.၉ | ၁၆၀၃၃၀.၇ | ၃.၁ | ၁၅.၇ |
| | ၃ | ငွေရေးကြေးရေး | ၁၂၇၀၃.၇ | ၀.၃ | ၁၄၈၂၂.၃ | ၀.၃ | ၁၆.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၆၂၆၁၃.၀ | ၃.၄ | ၁၇၂၃၁၆.၂ | ၃.၃ | ၆.၀ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆော | ၃၉၅၄၁၅.၁ | ၈.၁ | ၄၄၀၅၇၁.၀ | ၈.၄ | ၁၁.၄ |
| | ၆ | ကုန်သွယ်မှု | ၉၇၀၀၄၁.၇ | ၂၀.၀ | ၁၀၄၅၅၁၀.၈ | ၂၀.၀ | ၇.၈ |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၄၈၅၃၅၄၅.၆** | **၁၀၀.၀** | **၅၂၁၆၂၃၀.၁** | **၁၀၀.၀** | **၇.၅** |

ပူးတွဲ(၂)

# ရှမ်းပြည်နယ်၏
## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်
## ကဏ္ဍအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၂၈၀၆၅၆၉.၃** | **၅၇.၇** | **၂၉၈၆၄၉၈.၈** | **၅၇.၃** | **၆.၄** |
| | ၁ | လယ်ယာ | ၁၂၂၄၄၈၁.၄ | ၂၅.၂ | ၁၂၈၄၉၃၄.၅ | ၂၄.၆ | ၄.၉ |
| | ၂ | သားငါး | ၃၈၉၁၅၈.၆ | ၈.၀ | ၄၁၂၁၆၈.၃ | ၇.၉ | ၅.၉ |
| | ၃ | သစ်တော | ၈၀၃၇.၀ | ၀.၂ | ၇၄၁၉.၀ | ၀.၁ | -၇.၇ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၃၀၉၁၀.၆ | ၂.၇ | ၁၃၄၄၆၄.၁ | ၂.၆ | ၂.၇ |
| | ၆ | စက်မှုလက်မှု | ၅၁၉၄၃၁.၁ | ၁၀.၆ | ၅၅၄၁၁၉.၆ | ၁၀.၆ | ၆.၇ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၇၆၃၅၁.၀ | ၁.၆ | ၇၈၇၅၃.၉ | ၁.၅ | ၃.၁ |
| | ၈ | ဆောက်လုပ်မှု | ၄၅၈၁၉၉.၆ | ၉.၄ | ၅၁၄၆၃၉.၄ | ၁၀.၀ | ၁၂.၃ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၀၇၆၉၃၄.၆** | **၂၂.၃** | **၁၁၈၄၂၂၀.၅** | **၂၂.၇** | **၁၀.၀** |
| | ၁ | ပို့ဆောင်ရေး | ၃၆၇၅၉၁.၇ | ၇.၆ | ၃၉၆၁၈၀.၃ | ၇.၆ | ၇.၈ |
| | ၂ | ဆက်သွယ်ရေး | ၁၃၈၆၁၁.၁ | ၂.၉ | ၁၆၀၃၃၀.၇ | ၃.၁ | ၁၅.၇ |
| | ၃ | ငွေရေးကြေးရေး | ၁၂၇၀၃.၇ | ၀.၃ | ၁၄၈၂၂.၃ | ၀.၃ | ၁၆.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၆၂၆၁၃.၀ | ၃.၄ | ၁၇၂၃၁၆.၂ | ၃.၃ | ၆.၀ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆော | ၃၉၅၄၁၅.၁ | ၈.၁ | ၄၄၀၅၇၁.၀ | ၈.၄ | ၁၁.၄ |
| ၃ | | **ကုန်သွယ်မှု** | **၉၇၀၀၄၁.၇** | **၂၀.၀** | **၁၀၄၅၅၁၀.၈** | **၂၀.၀** | ၇.၈ |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၄၈၅၃၅၄၅.၆** | ၁၀၀.၀ | **၅၂၁၆၂၃၀.၁** | ၁၀၀.၀ | ၇.၅ |

ပူးတွဲ(၃)

## ရှမ်းပြည်နယ်၏
## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်
## ကဏ္ဍကြီးများအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁၈၂၃၃၅၁.၇** | **၃၃.၃** | **၂၀၁၈၈၀၈.၄** | **၃၂.၆** | **၁၀.၇** |
| | ၁ | လယ်ယာ | ၁၃၇၂၀၆၅.၄ | ၂၅.၀ | ၁၄၉၄၀၈၃.၃ | ၂၄.၂ | ၈.၉ |
| | ၂ | သားငါး | ၄၄၂၄၅၂.၈ | ၈.၁ | ၅၁၆၄၃၆.၄ | ၈.၃ | ၁၆.၇ |
| | ၃ | သစ်တော | ၈၈၃၃.၅ | ၀.၂ | ၈၂၈၈.၇ | ၀.၁ | -၆.၂ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၁၃၃၇၇၈၁.၀** | **၂၄.၃** | **၁၅၂၉၂၄၀.၃** | **၂၄.၇** | **၁၄.၃** |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၃၉၃၇၃.၅ | ၂.၅ | ၁၄၅၉၃၅.၄ | ၂.၄ | ၄.၇ |
| | ၃ | စက်မှုလက်မှု | ၅၉၀၆၂၄.၃ | ၁၀.၈ | ၆၇၂၇၄၅.၅ | ၁၀.၉ | ၁၃.၉ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၈၄၀၀၃.၇ | ၁.၅ | ၈၅၆၆၈.၃ | ၁.၄ | ၂.၀ |
| | ၅ | ဆောက်လုပ်မှု | ၅၂၃၇၇၉.၅ | ၉.၅ | ၆၂၄၈၉၁.၁ | ၁၀.၁ | ၁၉.၃ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၃၂၃၆၈၄.၉** | **၄၂.၄** | **၂၆၃၇၃၄၃.၅** | **၄၂.၇** | **၁၃.၅** |
| | ၁ | ပို့ဆောင်ရေး | ၃၈၅၅၅၀.၄ | ၇.၀ | ၄၁၄၀၄၇.၅ | ၆.၇ | ၇.၄ |
| | ၂ | ဆက်သွယ်ရေး | ၁၂၆၈၂၀.၁ | ၂.၃ | ၁၆၀၃၃၀.၇ | ၂.၆ | ၂၆.၄ |
| | ၃ | ငွေရေးကြေးရေး | ၁၂၇၀၃.၇ | ၀.၂ | ၁၄၈၂၂.၃ | ၀.၂ | ၁၆.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၇၆၇၅၃.၅ | ၃.၂ | ၁၉၆၀၉၇.၈ | ၃.၂ | ၁၀.၉ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆော | ၄၇၀၇၃၂.၉ | ၈.၆ | ၅၄၉၃၂၉.၃ | ၈.၉ | ၁၆.၇ |
| | ၆ | ကုန်သွယ်မှု | ၁၁၅၁၁၂၄.၃ | ၂၁.၀ | ၁၃၀၂၇၁၅.၉ | ၂၁.၁ | ၁၃.၂ |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၅၄၈၄၈၁၇.၆** | **၁၀၀.၀** | **၆၁၈၅၃၉၂.၂** | **၁၀၀.၀** | **၁၂.၈** |

ပူးတွဲ(၄)

**ရှမ်းပြည်နယ်၏**
**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်**
**ကဏ္ဍအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး**
**(နှစ်အလိုက်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၁၆၁၁၃၂.၇** | **၅၇.၆** | **၃၅၄၈၀၄၈.၇** | **၅၇.၃** | **၁၂.၂** |
| | ၁ | လယ်ယာ | ၁၃၇၂၀၆၅.၄ | ၂၅.၀ | ၁၄၉၄၀၈၃.၃ | ၂၄.၂ | ၈.၉ |
| | ၂ | သားငါး | ၄၄၂၄၅၂.၈ | ၈.၁ | ၅၁၆၄၃၆.၄ | ၈.၃ | ၁၆.၇ |
| | ၃ | သစ်တော | ၈၈၃၃.၅ | ၀.၂ | ၈၂၈၈.၇ | ၀.၁ | -၆.၂ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၃၉၃၇၃.၅ | ၂.၅ | ၁၄၅၉၃၅.၄ | ၂.၄ | ၄.၇ |
| | ၆ | စက်မှုလက်မှု | ၅၉၀၆၂၄.၃ | ၁၀.၈ | ၆၇၂၇၄၅.၅ | ၁၀.၉ | ၁၃.၉ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၈၄၀၀၃.၇ | ၁.၅ | ၈၅၆၆၈.၃ | ၁.၄ | ၂.၀ |
| | ၈ | ဆောက်လုပ်မှု | ၅၂၃၇၇၉.၅ | ၉.၅ | ၆၂၄၈၉၁.၁ | ၁၀.၀ | ၁၉.၃ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၁၇၂၅၆၀.၆** | **၂၁.၄** | **၁၃၃၄၆၂၇.၆** | **၂၁.၆** | **၁၃.၈** |
| | ၁ | ပို့ဆောင်ရေး | ၃၈၅၅၅၀.၄ | ၇.၀ | ၄၁၄၀၄၇.၅ | ၆.၇ | ၇.၄ |
| | ၂ | ဆက်သွယ်ရေး | ၁၂၆၈၂၀.၁ | ၂.၃ | ၁၆၀၃၃၀.၇ | ၂.၆ | ၂၆.၄ |
| | ၃ | ငွေရေးကြေးရေး | ၁၂၇၀၃.၇ | ၀.၂ | ၁၄၈၂၂.၃ | ၀.၂ | ၁၆.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၇၆၇၅၃.၅ | ၃.၂ | ၁၉၆၀၉၇.၈ | ၃.၂ | ၁၀.၉ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆော | ၄၇၀၇၃၂.၉ | ၈.၆ | ၅၄၉၃၂၉.၃ | ၈.၉ | ၁၆.၇ |
| ၃ | | **ကုန်သွယ်မှု** | **၁၁၅၁၁၂၄.၃** | **၂၁.၀** | **၁၃၀၂၇၁၅.၉** | **၂၁.၁** | **၁၃.၂** |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၅၄၈၄၈၁၇.၆** | **၁၀၀.၀** | **၆၁၈၅၃၉၂.၂** | **၁၀၀.၀** | **၁၂.၈** |

ပူးတွဲ(၅)

# ရှမ်းပြည်နယ်၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၏
# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်
# စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး
# (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (%) | တန်ဖိုး | ပါဝင်မှုအချိုး (%) | တိုးတက်မှုနှုန်း (%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၂၇၉၀၅၉.၉ | ၅.၇ | ၃၀၅၄၄၄.၁ | ၅.၉ | ၉.၅ |
| ၂ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၁၅၁၅၅၆.၆ | ၃.၁ | ၁၆၆၅၉၂.၆ | ၃.၂ | ၉.၉ |
| ၃ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၇၂၂၆၅.၇ | ၁.၅ | ၇၃၉၇၅.၀ | ၁.၄ | ၂.၄ |
| ၄ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၈၂၇၈၅.၄ | ၁.၇ | ၉၁၀၄၂.၀ | ၁.၇ | ၁၀.၀ |
| ၅ | ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း | ၂၆၉၅၈၀.၃ | ၅.၆ | ၂၈၂၆၀၇.၁ | ၅.၄ | ၄.၈ |

ပူးတွဲ(၆)

## ရှမ်းပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ရည်မှန်းချက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (%) | တန်ဖိုး | ပါဝင်မှုအချိုး (%) | ပြောင်းလဲမှုနှုန်း (%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၃၆၉၅၁၃.၉ | ၆.၇ | ၄၁၇၁၈၆.၃ | ၆.၇ | ၁၂.၉ |
| ၂ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၁၇၇၈၅၄.၁ | ၃.၂ | ၂၀၂၂၁၃.၁ | ၃.၃ | ၁၃.၇ |
| ၃ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၇၅၃၈၃.၇ | ၁.၄ | ၇၉၅၀၄.၂ | ၁.၃ | ၅.၅ |
| ၄ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၉၂၆၉၁.၆ | ၁.၇ | ၁၀၆၃၀၀.၅ | ၁.၇ | ၁၄.၇ |
| ၅ | 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း | ၃၁၅၄၇၇.၄ | ၅.၈ | ၃၄၅၄၈၅.၃ | ၅.၆ | ၉.၅ |

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရ စီမံကိန်း ဥပဒေ**

**ကိန်းဂဏန်း ပြင်ဆင်မှုနှင့် ပတ်သက်သည့်ရှင်းလင်းချက်**

၁။ ဒုတိယ အကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန် အစည်းအဝေး တွင် ဥပဒေ အမှတ် (၄/၂၀၁၈) ဖြင့် အတည်ပြုခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရ စီမံကိန်း ဥပဒေ တွင် ပါရှိသည့် ကိန်းဂဏန်းများသည် ပြည်ထောင်စု လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်း သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ နှင့် လိုက်လျော ညီထွေ ဖြစ်ရန် လိုအပ်မည် ဖြစ်ပါသည်။

၂။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ဥပဒေ၏ ပူးတွဲ ဇယား ၃ အမှတ်စဉ် ၁၃ တွင် ဖော်ပြပါရှိသည့် ရှမ်းပြည်နယ်၏ ပုံမှန်ဈေးနှုန်းဖြင့် ဖော်ပြထားသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ကုန် ခန့်မှန်းခြေစာရင်းတွင် **ကျပ်သန်းပေါင်း ၄၈၅၃၅၉၅.၆** ဟု ပါရှိခဲ့ပြီး၊ ရှမ်းပြည်နယ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်း ဥပဒေတွင် **ကျပ်သန်းပေါင်း ၄၈၅၃၅၄၅.၆** တင်ပြခဲ့သဖြင့် ကွဲလွဲမှုဖြစ်ပေါ်ခဲ့ပါသည်။ မူလ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန(ရုံးချုပ်) နှင့် ကိုက်ညှိစဉ် ကိန်းဂဏန်း တူညီခဲ့သော်လည်း ပြင်ဆင်ပြောင်းလဲမှု အပေါ် အချိန်မီ သိရှိမှု မရှိခဲ့သည့် အတွက် ကွဲလွဲမှု ဖြစ်ပေါ်ခဲ့မှု အပေါ် ပြင်ဆင်နိုင်ရေး အတွက် ကွဲလွဲမှုကြောင့် လိုက်လျော ညီထွေ ပြောင်းလဲရန် လိုအပ်သည့် **စာသားများဇယားများစုစုပေါင်း (၃)ရွက်**ကို ၁၂.၁၀.၂၀၁၈ ရက်နေ့တွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် လွှတ်တော်သို့ ပေးပို့ထားရှိပါသည်။

၃။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွက် ကဏ္ဍ အလိုက် စီမံကိန်းရည်မှန်းချက်မှာ ကွဲလွဲမှု မရှိဘဲ ယခင်နှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ကုန် ခန့်မှန်းခြေ စာရင်းတွင် ကွဲလွဲမှုဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်ပါသည်။ ယခင်နှစ် သစ်တောကဏ္ဍ ၏ နှစ်ကုန် ထုတ်လုပ်မှုတန်ဖိုး တွက်ချက်စဉ်တွင် ထည့်သွင်းတွက်ချက်ရန် ကျန်ခဲ့သော ပုံစံ(၈) သစ်များ ဖမ်းဆီးနိုင်ခဲ့မှု အပေါ် ဂျီဒီပီ တန်ဖိုး **ကျပ်သန်း ၅၀** တိုးတက်ပြောင်းလဲ ခဲ့သဖြင့် စာရင်းကွဲလွဲမှု ဖြစ်ပေါ်ရခြင်း ဖြစ်ကြောင်း ရှင်းလင်း တင်ပြအပ်ပါသည်။

ဖြစ်သည်။ ယင်းတွင်လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ) ၊ စက်မှုကဏ္ဍကြီး (သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓါတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ) ၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှု ကဏ္ဍများ) ဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

(ဈ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနနှင့် အဖွဲ့အစည်းများ ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များကို ဆိုသည်။

## အခန်း(၂)

## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း၏ အဓိကကျသည့် စီမံကိန်း ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP)ကို ပုံမှန်ဈေးနှုန်းအရ ၇.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍတစ်ခုချင်း အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၄.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၅.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၈.၃ ရာခိုင်နှုန်းလျော့နည်းရန်၊

(၄) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) စက်မှုလက်မှုကဏ္ဍတွင် ၆.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၆) လျှပ်စစ်ဓါတ်အားကဏ္ဍတွင် ၃.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) ဆောက်လုပ်မှုကဏ္ဍတွင် ၁၂.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ပို့ဆောင်ရေးကဏ္ဍတွင် ၇.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

ပူးတွဲ(၁)

## ရှမ်းပြည်နယ်၏
## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်
## ကဏ္ဍကြီးများအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁၆၂၁၇၂၇.၀** | **၃၃.၄** | **၁၇၀၄၅၂၁.၈** | **၃၂.၆** | **၅.၁** |
| | ၁ | လယ်ယာ | ၁၂၂၄၄၈၁.၄ | ၂၅.၂ | ၁၂၈၄၉၃၄.၅ | ၂၄.၆ | ၄.၉ |
| | ၂ | သားငါး | ၃၈၉၁၅၈.၆ | ၈.၀ | ၄၁၂၁၆၈.၃ | ၇.၉ | ၅.၉ |
| | ၃ | သစ်တော | ၈၀၈၇.၀ | ၀.၂ | ၇၄၁၉.၀ | ၀.၁ | -၈.၃ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၁၁၈၄၈၉၂.၃** | **၂၄.၃** | **၁၂၈၁၉၇၇.၀** | **၂၄.၇** | **၈.၂** |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၃၀၉၁၀.၆ | ၂.၇ | ၁၃၄၄၆၄.၁ | ၂.၆ | ၂.၇ |
| | ၃ | စက်မှုလက်မှု | ၅၁၉၄၃၁.၁ | ၁၀.၆ | ၅၅၄၁၁၉.၆ | ၁၀.၆ | ၆.၇ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၇၆၃၅၁.၀ | ၁.၆ | ၇၈၇၅၃.၉ | ၁.၅ | ၃.၁ |
| | ၅ | ဆောက်လုပ်မှု | ၄၅၈၁၉၉.၆ | ၉.၄ | ၅၁၄၆၃၉.၄ | ၁၀.၀ | ၁၂.၃ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၀၄၆၉၇၆.၃** | **၄၂.၃** | **၂၂၂၉၇၃၀.၃** | **၄၂.၇** | **၈.၉** |
| | ၁ | ပို့ဆောင်ရေး | ၃၆၇၅၉၁.၇ | ၇.၆ | ၃၉၆၁၈၀.၃ | ၇.၆ | ၇.၈ |
| | ၂ | ဆက်သွယ်ရေး | ၁၃၈၆၁၁.၁ | ၂.၉ | ၁၆၀၃၃၀.၇ | ၃.၁ | ၁၅.၇ |
| | ၃ | ငွေရေးကြေးရေး | ၁၂၇၀၃.၇ | ၀.၃ | ၁၄၈၂၂.၃ | ၀.၃ | ၁၆.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၆၂၆၁၃.၀ | ၃.၄ | ၁၇၂၃၁၆.၂ | ၃.၃ | ၆.၀ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆော | ၃၉၅၄၁၅.၁ | ၈.၁ | ၄၄၀၅၇၁.၀ | ၈.၄ | ၁၁.၄ |
| | ၆ | ကုန်သွယ်မှု | ၉၇၀၀၄၁.၇ | ၂၀.၀ | ၁၀၄၅၅၁၀.၈ | ၂၀.၀ | ၇.၈ |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၄၈၅၃၅၉၅.၆** | **၁၀၀.၀** | **၅၂၁၆၂၃၀.၁** | **၁၀၀.၀** | **၇.၅** |

ပူးတွဲ(၂)

## ရှမ်းပြည်နယ်၏
## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်
## ကဏ္ဍအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၂၈၀၆၆၀၉.၃** | **၅၇.၇** | **၂၉၈၆၄၉၈.၈** | **၅၇.၃** | **၆.၄** |
| | ၁ | လယ်ယာ | ၁၂၂၄၄၈၁.၄ | ၂၅.၂ | ၁၂၈၄၉၃၄.၅ | ၂၄.၆ | ၄.၉ |
| | ၂ | သားငါး | ၃၈၉၁၅၈.၆ | ၈.၀ | ၄၁၂၁၆၈.၃ | ၇.၉ | ၅.၉ |
| | ၃ | သစ်တော | ၈၀၈၇.၀ | ၀.၂ | ၇၄၁၉.၀ | ၀.၁ | -၈.၃ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၃၀၉၁၀.၆ | ၂.၇ | ၁၃၄၄၆၄.၁ | ၂.၆ | ၂.၇ |
| | ၆ | စက်မှုလက်မှု | ၅၁၉၄၃၁.၁ | ၁၀.၆ | ၅၅၄၁၁၉.၆ | ၁၀.၆ | ၆.၇ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၇၆၃၅၁.၀ | ၁.၆ | ၇၈၇၅၃.၉ | ၁.၅ | ၃.၁ |
| | ၈ | ဆောက်လုပ်မှု | ၄၅၈၁၉၉.၆ | ၉.၄ | ၅၁၄၆၃၉.၄ | ၁၀.၀ | ၁၂.၃ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၀၇၆၉၃၄.၆** | **၂၂.၃** | **၁၁၈၄၂၂၀.၅** | **၂၂.၇** | **၁၀.၀** |
| | ၁ | ပို့ဆောင်ရေး | ၃၆၇၅၉၁.၇ | ၇.၆ | ၃၉၆၁၈၀.၃ | ၇.၆ | ၇.၈ |
| | ၂ | ဆက်သွယ်ရေး | ၁၃၈၆၁၁.၁ | ၂.၉ | ၁၆၀၃၃၀.၇ | ၃.၁ | ၁၅.၇ |
| | ၃ | ငွေရေးကြေးရေး | ၁၂၇၀၃.၇ | ၀.၃ | ၁၄၈၂၂.၃ | ၀.၃ | ၁၆.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၆၂၆၁၃.၀ | ၃.၄ | ၁၇၂၃၁၆.၂ | ၃.၃ | ၆.၀ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆော | ၃၉၅၄၁၅.၁ | ၈.၁ | ၄၄၀၅၇၁.၀ | ၈.၄ | ၁၁.၄ |
| **၃** | | **ကုန်သွယ်မှု** | **၉၇၀၀၄၁.၇** | **၂၀.၀** | **၁၀၄၅၅၁၀.၈** | **၂၀.၀** | **၇.၈** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၄၈၅၃၅၉၅.၆** | **၁၀၀.၀** | **၅၂၁၆၂၃၀.၁** | **၁၀၀.၀** | **၇.၅** |